**သမတအိမ်တော်၊ ရန်ကုန်မြို့**

**၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ငွေကို ကချင်ပြည်နယ်အတွက် ခွဲဝေသုံးစွဲရေး တချက်လွှတ်ဥပဒေ။**

**[၁၉၅၈ ခုနှစ်၊ တချက်လွှတ်ဥပဒေအမှတ် ၄။]**

**၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်။**

**(၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်။)**

ကချင်ပြည်နယ်အတွက်၊ ပြည်ထောင်စုအစိုးရအထောက်အပံ့ငွေကို၊ ခွဲဝေသုံးစွဲရန် တချက် လွှတ်ဥပဒေတရပ်ပြဋ္ဌာန်းစိမ့်သောငှါ၊ ချက်ခြင်း အရေးယူဆောင်ရွက်ရန်လိုအပ်သော ကိစ္စများပေါ်ပေါက် လာသည်ဟု နိုင်ငံတော်သမတကယူဆသောကြောင့်၊ နိုင်ငံတော်သမတသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၁၀၊ ပုဒ်မခွဲ (၁) အရ၊ အောက်ပါတချက်လွှတ်ဥပဒေကို ထုတ်ပြန်ကျေညာလိုက်သည်။

၁။ ။ ဤတချက်လွှတ်ဥပဒေကို၊ **၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ငွေကို ကချင်ပြည် နယ်အတွက် ခွဲဝေသုံးစွဲရေးတချက်လွှတ်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ။ ကချင်ပြည်နယ် ဥက္ကဋ္ဌသည်၊ ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ငွေများမှ စုစုပေါင်းကျပ်ငွေ ၇၅,၀၀,၀၀၀ (ကျပ်ခုနစ်ဆယ့်ငါးသိန်း) ကိုထုတ်ယူ၍၊ ဤတချက်လွှတ် ဥပဒေ၏ဇယားတွင် သတ်မှတ် ထားသည့်အတိုင်း၊ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

**ဇယား**

| **အစိုးရဌာန။** | | | | **ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။** | |
|---|---|---|---|---|---|
| မြေခွန်တော် | ... | ... | ... | ... | ၁,၂၀,၀၀၀ |
| ယစ်မျိုး | ... | ... | ... | ... | ၂,၀၀,၀၀၀ |
| တံဆိပ်တော်ခေါင်း | | ... | ... | ... | ၁,၆၀၀ |
| သစ်တော | ... | ... | ... | ... | ၃,၅၀,၀၀၀ |
| ရီစစ္စတြီမှတ်ပုံတင် | | ... | ... | ... | ၁,၀၀၀ |
| အတိုး | ... | ... | ... | ... | ၇၂,၄၀၀ |
| ကြွေးမြီပြန်လည်ပေးဆပ်ခြင်းများ | | ... | ... | ... | ၅၀,၀၀၀ |
| ပြည်နယ်ကောင်စီ | | ... | ... | ... | ၄၀,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | | ... | ... | ... | ၆,၀၀,၀၀၀ |
| တရားစီရင်ရေး | ... | ... | ... | ... | ၆,၀၀၀ |
| အကျဉ်းထောင်များ | | ... | ... | ... | ၁,၀၀,၀၀၀ |
| ရဲအဖွဲ့ | ... | ... | ... | ... | ၆,၀၀,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ | | | ... | ... | ၇၇,၀၀၀ |
| ပညာရေး | ... | ... | ... | ... | ၁၂,၀၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာ | | ... | ... | ... | ၄,၀၀,၀၀၀ |

| | | | | | |
|---|---|---|---|---|---|
| ပြည်သူ့ကျန်းမာရေး | | … | … | … | ၃,၀၀,၀၀၀ |
| လယ်ယာစိုက်ပျိုးရေး | | … | … | … | ၁,၂၀,၀၀၀ |
| တိရစ္ဆာန်ဆေးကုသရေး | | … | … | … | ၅၀,၀၀၀ |
| အထွေထွေဌာနများ | | … | … | … | ၁,၂၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | | … | … | … | ၁၂,၀၀,၀၀၀ |
| ပင်ရှင်လစာငွေများ | | … | … | … | ၁,၁၂,၀၀၀ |
| တလုံးတည်းပင်ရှင်လစာငွေ | | … | … | … | ၁၀,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း | | … | … | … | ၃၀,၀၀၀ |
| အထွေထွေ | … | … | … | … | ၂၀,၀၀၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း | | | … | … | ၂,၄၀,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း | | … | … | … | ၂၀,၀၀၀ |
| လယ်ယာစိုက်ပျိုးရေးအတွက်မ,တည်ငွေရင်း | | | … | … | ၁,၀၀,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း | | | … | … | ၁၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း | | | … | … | ၁၀,၀၀,၀၀၀ |
| ငွေလုံးငွေရင်းအသုံးစရိတ်အတွက်ပြည်နယ်ကော်မီတီများအသုံးပြုရန် | | | | | |
| ထောက်ပံ့ငွေ | … | … | | … | ၅၀,၀၀၀ |
| အစိုးရကထုတ်ချေးငွေများနှင့်ကြိုတင်ထုတ်ပေးငွေများ | | | | … | ၃,၀၀,၀၀၀ |
| | | | ပေါင်း | … | ၇၅,၀၀,၀၀၀ |

ဦးဝင်းမောင်၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်။
(၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။
[အမှတ် ၆၂]